ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁ ၊ အမှတ် ၂

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်

## ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အေးရှားဝေါလ်ဆိပ်ကမ်း(AWPT) နှင့် မြန်မာ့စက်မှုဆိပ်ကမ်း(MIP) ဆိပ်ကမ်းများ၌ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဆွေးနွေးအမှာစကားပြောကြားစဉ်။

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် အဖွဲ့သည် (၃၁-၅-၂၀၂၅) ရက်နေ့ နေ့လည် (၁၁:၅၅) နာရီတွင် အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) သို့ ရောက်ရှိခဲ့ပြီး ဆိပ်ကမ်းအစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အေးရှားဝေါလ်ဆိပ်ကမ်းအပါအဝင် BOT ဆိပ်ကမ်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကုန်သွယ်မှုလွယ်ကူမြန်ဆန်ချောမွေ့စေရေးနှင့် တရားမဝင် တင်သွင်း/တင်ပို့မှုများ မရှိစေရေးအတွက် ဆွေးနွေးမှာကြားမှုများ ပြုလုပ်ခဲ့ပါသည်။



ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ဆိပ်ကမ်းရှိ X-Ray ခန်း၌ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးနေစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သွင်းကုန် ကုန်သေတ္တာများစစ်ဆေးခြင်းနှင့် စက်ဖြင့် ပို့ကုန်/သွင်းကုန် ကုန်သေတ္တာများ ဖြတ်သန်းစစ်ဆေးခြင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ပြီး အေးရှားဝေါလ်ဆိပ်ကမ်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် နေ့လည် (၁၄:၂၀) နာရီတွင် အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) မှ ပြန်လည်ထွက်ခွာသွားပြီး ၃၁-၅-၂၀၂၅ ရက်နေ့ နေ့လည် (၁၄:၃၅) နာရီတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အလုံမြို့နယ်ရှိ မြန်မာ့စက်မှုဆိပ်ကမ်း (MIP) သို့ ရောက်ရှိလာရာ (MIP) ဆိပ်ကမ်း Director ဒေါ်မီးမီးနှင့်အဖွဲ့မှ ကြိုဆိုခဲ့ကြပြီး ဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် X-Ray No-8 တွင် ကုန်သေတ္တာ ဖြတ်သန်းစစ်ဆေးမှုအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ပြီး (MIP) ဆိပ်ကမ်းမှ နေ့လည် (၁၄:၅၀) နာရီတွင် ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

# E-Lock စနစ်ဆောင်ရွက်နိုင်ရန် ကုန်သေတ္တာမော်တော်ယာဉ်ရရှိနိုင်မှုအခြေအနေနှင့် တောင်ကြီး-နေပြည်တော်-ရန်ကုန်စသည့်လမ်းကြောင်းများ၌ E-Lock စနစ်ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်ပတ်သက်၍ အစည်းအဝေးကျင်းပခြင်း




E-Lock စနစ်ဆောင်ရွက်နိုင်ရန် ကုန်သေတ္တာမော်တော်ယာဉ် ရရှိနိုင်မှု အခြေအနေ နှင့် တောင်ကြီး-နေပြည်တော်-ရန်ကုန် စသည့် လမ်းကြောင်းများ၌ E-Lock စနစ်ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်ပတ်သက်သည့် အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဆွေးနွေးပြောကြားစဉ်။

၂၈-၅-၂၀၂၅ ရက်နေ့၊ နေ့လည် (၁၂:၃၀) နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမတွင် E-Lock စနစ် ဆောင်ရွက်နိုင်ရန် ကုန်သေတ္တာမော်တော်ယာဉ် ရရှိနိုင်မှု အခြေအနေနှင့် တောင်ကြီး-နေပြည်တော်-ရန်ကုန် စသည့်လမ်းကြောင်းများ၌ E-Lock စနစ် ဆောင်ရွက်နိုင်ရေး အခြေအနေများ နှင့်ပတ်သက်၍ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ တာမိုးညဲအုပ်စု ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

Phase-1, Phase-2 ကိုဆောင်ရွက်ရာ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရန်ကုန်-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းကြောင်းကို သက်ဆိုင်ရာ E-Lock ကုမ္ပဏီမှ ကွင်းဆင်း လေ့လာသည့်အခါ လမ်းကျဉ်းသည့်ထောင့်ချိုးအကွေ့များတွင် ကုန်သေတ္တာသယ်ဆောင်ရန် အခက်အခဲရှိခြင်း၊ Internet လိုင်းတောက်လျှောက်မရနိုင်သည့်အတွက် လမ်းကြောင်းတွင် Internet ချိတ်ဆက်မှုပြတ်တောက်သွားသည့်အခါ ကုန်သေတ္တာ၏ အခြေအနေအား ကြည့်ရှုစစ်ဆေး ထိန်းချုပ်ရန် ခက်ခဲသွားခြင်းစသည့် အခက်အခဲများအား တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ၅/၂၀၂၄ အစည်းအဝေးတွင် တင်ပြခဲ့မှုအပေါ် အစည်းအဝေး၌ **" မှတ်တမ်းတင်ရန်"** ဆုံးဖြတ်ခဲ့ပါသည်။




**E-Lock စနစ်ဆောင်ရွက်နိုင်ရန် ကုန်သေတ္တာမော်တော်ယာဉ် ရရှိနိုင်မှု အခြေအနေ နှင့် တောင်ကြီး-နေပြည်တော်-ရန်ကုန် စသည့် လမ်းကြောင်းများ၌ E-Lock စနစ်ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်ပတ်သက်သည့် အစည်းအဝေးတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်(နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် မှ ဆွေးနွေးပြောကြားစဉ်။**

သက်ဆိုင်ရာအသင်းအဖွဲ့များမှ ဆွေးနွေးရာတွင် မိုးတွင်းကာလဖြစ်သည့်အတွက် ရန်ကုန်-တောင်ကြီးကားလမ်းသည်လည်း လတ်တလောအခြေအနေအရ မြို့ရှောင်လမ်းအသစ်ကို စတင်အသုံးပြုသည့်အချိန်တွင် လမ်းသစ်မှာ အတက်အဆင်းသွားလာ၍ မရသေးသည့်အတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ အကူအညီဖြင့် အတက်လမ်းကို ပြည်ထောင်စုလမ်းဟောင်းအား အသုံးပြု၍ အဆင်းလမ်းကို မြို့ရှောင်လမ်းအား အသုံးပြုလျက်ရှိပါကြောင်း၊ မိုးတွင်းကာလ နမ့်စမ်ဘက်တွင် မကြာခဏ တောင်ပြို၊ မြေပြိုခြင်းများရှိသည့်အတွက် ကုန်သေတ္တာသယ်ဆောင်ရာတွင် အခက်အခဲများ ရှိနိုင်သည်ကို သုံးသပ်မိပါကြောင်း ဆွေးနွေးခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ သက်ဆိုင်ရာအသင်းအဖွဲ့များအနေဖြင့် ရန်ကုန်ဆိပ်ကမ်းများ၊ မူဆယ်လမ်းကြောင်းများ၊ မြဝတီလမ်းကြောင်းများနှင့် မန္တလေးလမ်းကြောင်းများအတွက် အသုံးပြုနိုင်မည့် ပေ (၂၀) ကုန်သေတ္တာတင်နိုင်သော Transporter ယာဉ် စုစုပေါင်းနှင့် ထိုစုစုပေါင်းယာဉ်များမှ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်လမ်းကြောင်း အသီးသီးအတွက် အသုံးပြုနိုင်သော Transporter ယာဉ်အရေအတွက် မည်မျှရှိကြောင်း ခွဲခြားသတ်မှတ်ပေးရန်၊ Box Truck တွင်လည်း ပေအရှည်ခွဲခြား၍ Box Truck မည်မျှရနိုင်ကြောင်း၊ အမှန်တကယ်အသုံးပြုနိုင်မည့် ယာဉ်အစီးအရေအတွက်ကို လိုအပ်ကြောင်း၊ လမ်းတံတားခံနိုင်ဝန်သတ်မှတ်မှု၊ ကုန်သေတ္တာရရှိနိုင်မှုနှင့်ပတ်သက်၍ သင်္ဘောလိုင်းများ၊ ကုန်သေတ္တာလိုင်းများနှင့် သီးခြားအစည်းအဝေးပြုလုပ်ရန်နှင့် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို စာဖြင့် ပြန်လည်တင်ပြရန် ဆွေးနွေးခဲ့ပြီး အစည်းအဝေးအား နေ့လည် (၁၄:၁၅) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်လှစ်ပို့ချ




မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဆရာဖြစ်သင်တန်းတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဆွေးနွေးပြောကြားစဉ်။

မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဆရာဖြစ်သင်တန်းအား ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ မူပိုင်ခွင့်ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်းခန်းမတွင် ၂၀-၅-၂၀၂၅ ရက်နေ့မှ ၂-၆-၂၀၂၅ ရက်နေ့အထိ Hybrid စနစ်ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါသဖြင့် သင်တန်းဖွင့်ပွဲအခမ်းအနားအား ၂၀၂၅ခုနှစ်၊ မေလ ၂၀ ရက်နေ့ (အင်္ဂါနေ့)၊ နံနက်(၈:၀၀) နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အကောက်ခွန်ဦးစီးဌာနနှင့် မူပိုင်ခွင့်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ အကောက်ခွန်ဦးစီးဌာနနှင့် မူပိုင်ခွင့်ဦးစီးဌာနတို့မှ သင်တန်းနည်းပြများ၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။

သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းများအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်၍ အဆိုပါ ဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီလိုက်နာဆောင်ရွက်စေရန် ၊ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ




မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဆရာဖြစ်သင်တန်းတွင် အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။

ဆောင်ရွက်ရာတွင် ကောင်းမွန်မှန်ကန်စွာ ကြီးကြပ်ကွပ်ကဲနိုင်စေရန်နှင့် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပြန့်ပွားရေးများ ဆက်လက်ဆောင်ရွက်နိုင်စေရန် ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ အကောက်ခွန်ဦးစီးဌာနနှင့် မူပိုင်ခွင့်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက ပြည်ထောင်စုလွှတ်တော်မှ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေ (၄) ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ အဆိုပါ ဥပဒေ (၄) ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့မှာ အကောက်ခွန်ဦးစီးဌာနမှ လိုက်နာဆောင်ရွက်ရမည့် ဥပဒေများဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည် ချက်များကို အကောင်အထည်ဖော်ရာ၌ အထောက်အကူဖြစ်စေခြင်း၊ အာဆီယံနှင့် အခြားနိုင်ငံများ နည်းတူ မူပိုင်ခွင့်အကာအကွယ်ပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်တင်နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားအား (၈:၃၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ ကြီးမှူးကျင်းပပြုလုပ်သည့် အကောက်ခွန်အရာရှိများအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချခြင်း



အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှကြီးမှူးကျင်းပပြုလုပ်သည့် အကောက်ခွန်အရာရှိများအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအသိပညာပေးသင်တန်းတွင် အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။

အကောက်ခွန်ဦးစီးဌာန၊ ၁၂-၅-၂၀၂၅ ရက်နေ့တွင် အကောက်ခွန်သင်တန်းကျောင်း၌ အကောက်ခွန်အရာရှိများအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ပြီး လုပ်ငန်းခွင်အတွင်း ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအသိပညာပေး သင်တန်းအား ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသူနိုင်မှ ငွေကြေး ခဝါချမှု သိကောင်းစရာဘာသာရပ် နှင့် ဦးစီးအရာရှိ ဦးမျိုးမင်းကို မှ ငွေကြေးဆိုင်ရာအပြိုင်စုံစမ်း စစ်ဆေး ခြင်း ဘာသာရပ်အား လည်းကောင်း သင်ကြားပို့ချဆွေးနွေးခဲ့ပါသည်။

အဆိုပါ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအသိပညာပေးသင်တန်းသို့ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ရှိ ဌာနခွဲအသီးသီးမှ အကောက်ခွန်အရာရှိ (၂၅) ဦးတို့သည် လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ နယ်မြေ အသီးသီးရှိအကောက်ခွန်အရာရှိ (၂၅) ဦး တို့သည် Online Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက် ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်ခြင်း



အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဓမ္မစကြာ ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော် နေစဉ်။

အကောက်ခွန်ဦးစီးဌာန၌ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့တွင် ဝန်ထမ်းအင်အား ( ၃၀ ) ဦးခန့်ဖြင့် အဖွဲ့ ( ၂ ) ဖွဲ့ခွဲ၍ ရွတ်ဖတ်ပူဇော်လျက်ရှိပြီး အဖွဲ့တစ်ဖွဲ့လျှင် လက်ထောက်ညွှန်ကြားရေးမှူး ( ၂ ) ဦးမှ ဦးဆောင်၍ ၁၂-၅-၂၀၂၅ ရက်နေ့နှင့် ၂၆-၅-၂၀၂၅ ရက်နေ့များတွင် ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

# ၉

# အများပြည်သူသုံးစွဲရန်မသင့်သော ၊ FDA ထောက်ခံချက်မရှိသော ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများအား ဖျက်ဆီးခြင်း အခမ်းအနားကျင်းပ



အများပြည်သူသုံးစွဲရန်မသင့်သော ၊ FDA ထောက်ခံချက်မရှိသော ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများအား ထိန်ပင်နောက်ဆုံးစွန့်ပစ် အမှိုက်ပုံ၌ ဖျက်ဆီးခြင်းအခမ်းအနား ဆောင်ရွက်စဉ်။

အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲ/ ဖျက်ဆီးအဆင့်ရောက်အမှုတွဲ (၄၁) မှုပါ FDA ထောက်ခံချက်မရှိသော၊ သက်တမ်းကျော်လွန်ပြီး အများပြည်သူသုံးစွဲရန်မသင့်သော၊ ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများအား ဖျက်ဆီးခြင်း အခမ်းအနား ကို (၂၉-၅-၂၀၂၅) ရက်နေ့ နံနက်(၀၉:၀၀) နာရီတွင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီပိုင် ၊ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ ယန္တရားဖြင့် ဖျက်ဆီးခြင်း၊ ဖျက်ဆီးပြီးစီးသော ပစ္စည်းများအား မြေမြှုပ်ခြင်းများ ပြုလုပ်ခဲ့ပြီး နေ့လည် (၁၅:၃၀) နာရီတွင် ဖျက်ဆီးခြင်း ပြီးဆုံးခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇၅၈၀.၄၅၀ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ မေလ (၁) ရက် မှ (၃၁) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၆၃၀ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၃၇၅၈၀.၄၅၀ ) သန်း ဖြစ်ပါသည်။

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**




၂-၅-၂၀၂၅ ရက်နေ့တွင် MITT ဆိပ်ကမ်း၌ Myanmar Rui Xin Shoes Co.,Ltd, ID No; 100302110750 (29/4/2025) ဖြင့် တင်သွင်းလာသော ပေ(၂၀) ကုန်သေတ္တာ (၁) လုံးအား မူးယစ်ပါဝင်သော ဆိပ်ကမ်းတာဝန်ကျအဖွဲ့စုံ ဖြင့်စစ်ဆေးရာ ID/IL တွင်ကြေညာထားသော Item (1 To 3) မှာ ကိုက်ညီမှန်ကန်မှုရှိပြီး Item(4) RF (Hardener) (36 Pkgs) မှာ DRI ၏ Analysis Results အရ DRI သို့ပေးပို့ စစ်ဆေးခဲ့ရာ Analysis Results အရ RF (Hardener) ထဲတွင် Chemical Compound သုံးမျိုးပါရှိ၍ ၎င်း (၃) မျိုးထဲတွင် Acetone ပါဝင်မှုရှိပြီး Acetone မှာ ထိန်းချုပ်ဓာတုပစ္စည်း (၄၃) မျိုးတွင် ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၈,၀၃၁,၁၀၄/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇၅၈၀.၄၅၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၇-၅-၂၀၂၅ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ BCD Myanmar Co.,Ltd. မှ IDNo. 100302346 100(2.5.2025) ဖြင့် သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်လာသော ပေ (၂၀) ကုန်သေတ္တာ (၇)လုံးအား စစရ Suspect အရ တာဝန်ကျအဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ ID တွင် ကြေညာ ဖော်ပြထားသည်နှင့် ကွဲလွဲပါရှိလာသော (Printed Alloy (Ferrum) Sheet In Coil For RO Tank) (0.1-0.5Mx750-1220MMx1800M) (C/O– China) (174730)KG) ခန့်မှန်းတန်ဖိုးကျပ် (၂၇၅,၁၉၉,၇၅၀/-) ခန့်အားဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇၅၈၀.၄၅၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၈-၅-၂၀၂၅ ရက်နေ့ (၁၃:၀၀) နာရီအချိန်ခန့်တွင် မွန်ပြည်နယ်အကောက်ခွန်ဦးစီးဌာန မှူး၏ ကြီးကြပ်မှုဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းစစ်ဆေးရေး အဖွဲ့ သည် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်အမှတ်၊ (2N-9135) (6W) အား အသေးစိတ်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက် အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Polyvinyl Chloride Resin) (Brand- HyGain) (C/O– China) (6500 KG) ခန့်မှန်းတန်ဖိုးကျပ် (၁၆,၃၈၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ် မော်တော်ယာဉ်အမှတ် (2N-9135) (6W) (Brand- ISUZU ELF NPR81) (Truck) (Model-2006) (C/O- JAPAN) (1 U) စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇၅၈၀.၄၅၀ ) သန်းခန့်ရှိသည့်အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၂၆-၅-၂၀၂၅ ရက်နေ့ (၂၁:၀၀) နာရီအချိန်ခန့်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပူးပေါင်း အဖွဲ့သည် မြဝတီမြို့မှရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်အမှတ်၊ (2N-3981) (12W) ယာဉ်အား ညောင်ခါးရှည် X-Ray စက်အနီးမှခေါ်ယူ၍ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးရာ စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော (Car Tyre) (Brand– Assorted) (C/O- Japan) (130 U) ခန့်မှန်းတန်ဖိုးကျပ် (၁၅,၆၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်မော်တော်ယာဉ်အမှတ်၊ (2N-3981) (12W) (Brand- Hino) (Model- 2004) (C/O- Japan) (1 U) ခန့်မှန်းတန်ဖိုးကျပ် (၅၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇၅၈၀.၄၅၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု




၂-၅-၂၀၂၅ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Nebula Trading Co.,Ltd.မှ IDNo. 100301812331 (25.4.2024) ဖြင့် သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်လာသော ပေ (၂၀) ကုန်သေတ္တာ (၁) လုံးအား အထူးအဖွဲ့ Suspectအရ ဆိပ်ကမ်းတာဝန်ကျအဖွဲ့စုံဖြင့် အသေးစိတ်စစ်ဆေးရာ ID တွင် ကြေညာဖော်ပြထားသည်ထက်ပိုမိုပါရှိလာသော (Cefalexin Capsules BP 500MG) (10X10'S) (C/O- India) (7,000 U) ခန့်မှန်းတန်ဖိုးကျပ် (၅၁,၈၉၁,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၇၅၈၀.၄၅၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု




၁၆-၅-၂၀၂၅ ရက်နေ့ (၁၄:၄၅) နာရီအချိန်ခန့်တွင် တရုတ်နိုင်ငံသားခရီးသည် Mr. XUAN, JINBO (PP.No-EL2738060)သည် Myanmar National Airlines လေယာဉ်ခရီးစဉ်အမှတ် MU-2031/ SF-4704 ဖြင့် တရုတ်နိုင်ငံ၊ ကူမင်းမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Left Behind Baggage အဖြစ်ရောက်ရှိလာ စက္ကူပုံး(၁)ပုံးအား X-Ray ပုံရိပ်မသင်္ကာသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စိန်ဟုယူဆရသော (MOISSANITE) အဖြူရောင်ကျောက်အပွင့်ဆိုဒ်စုံ (645 U) ခန့်မှန်းတန်ဖိုးကျပ် (၃၁၂,၁၅၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။